ငွေကြေးသန်းနှင့်ချီ အကုန်အကျခံနေတာ မွန်လူမျိုးနှင့် မွန်ပြည်သစ်ပါတီအတွက် နမ်းတစ်စေ့စာမျှ မပါဘူး မွန်ပြည်သစ်ပါတီကို အိမ်၊ မြေယာများ ပေးထားတာဟာ နိုင်ငံရေးကို မေ့ပစ်ဖို့ပဲ

လွတ်လပ်သောမွန်သတင်းအေဂျင်စီ
ဇွန်လ ၁၁ ရက် ၂၀၀၃ ခု

ယခုစစ်အစိုးရမှ မွန်ဒေသအတွင်း ငွေကြေးသန်းနှင့်ချီ အကုန်အကျခံပြီး လမ်းဖောက်နေခဲ့ခြင်း၊ တံတားများ တည်ဆောက်နေခဲ့ခြင်း၊ တည်ဆောက်ဆဲ မော်လမြိုင်–မုတ္တမတံတား စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်နေခြင်းသည် မွန်လူမျိုးနှင့် မွန်ပြည်သစ်ပါတီအတွက် နမ်းတစ်စေ့စာမျှ မပါ၊ မွန်ပြည်ကို လိုချင်လျှင် တိုက်ယူပါတော့၊ အခုချိန်လည်း မွန်ပြည်သစ်ပါတီကို ရေရှည်အချိန်ဆွဲပြီး၊ မြို့အပေါ်အိမ်နှင့် မြေယာတချို့ ပေးထားခြင်းဟာ မွန်ပြည်ရရှိရေးစိတ်ဓါတ် မေ့ပျောက်သွားရန်သာ ဖြစ်သည်ဟု မွန်ပြည်သူများကို ရင်ဖွင့် ရေးသားထားသည့် လျို့ဝှက်ထုတ်ပြန် စာတစ်စောင်မှာ ဖော်ပြထားပါသည်။

၄င်းလျို့ဝှက် ထုတ်ပြန်စာသည် အမည်မဖော်လိုသည့် မွန်အမျိုးသားတစ်ဦးမှ မွန်သွေးပါသည့် နအဖစစ်တပ်မှ ဗိုလ်မှူးကြီးတစ်ဦးနှင့် ရန်ကုန်မြို့တွင် တွေ့ဆုံခဲ့ပြီး၊ ထိုဗိုလ်မှူးကြီးမှ မွန်လူမျိုးနှင့် မွန်ပြည်သစ်ပါတီအပေါ် နအဖစစ်အစိုးရ တို့၏ ရက်စက်ယုတ်မာသည့် သဘောထားရှိပုံကို မိမိအား ထုတ်ဖော်ပြောပြခဲ့ပြီး၊ ထိုမွန်အမျိုးသားမှ မခံမရပ်နိုင်လွန်း၍ မွန်ဘာသာဖြင့် လျို့ဝှက်ပြီး ပြန်လည် ရင်ဖွင့်ထုတ်ဖော် ဖြန့်ဝေခဲ့ပါသည်။

တပေါင်းလပြည့်နေ့ကတည်းက ရင်ဖွင့်ရေးသားထုတ်ပြန်ထားသည့် ၄င်းစာဒုတိယအပိုဒ်တွင် ''မွန်ပြည်သစ်ပါတီက စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လုပ်ထားတာ ရှစ်နှစ်နီးပါးရှိနေပြီ။ မွန်ပြည်သစ်ပါတီကနေ ကိစ္စအရပ်ရပ်ကို ဆွေးနွေးဖို့ အကြိမ်ပေါင်းများစွာ တင်ပြတောင်းဆိုခဲ့သော်လည်း စစ်အစိုးရမှ မဆွေးနွေးသေးဘူး။ စစ်အစိုးရဖြစ်ချင်တာက မွန်ပြည်သစ်ပါတီကို ရေရှည်နှင့် ကြိုးကိုင်ထားပြီး၊ အချိန်ကြံ့ကြာအောင် ဆွဲထားကာ ကြာလာလျှင် လက်နက်ကိုင် (တော်လှန်ရေး) စိတ်ဓါတ် ကုန်ခမ်းကျဆင်းလာမည်။ တနေ့ကျလျှင် မွန်ပြည်သစ်ပါတီ တဖြည်းဖြည်းနှင့် ပျက်စီးသွားမည်။ အနုနည်းနှင့် စစ်အစိုးရတို့မှ မွန်လူမျိုးနှင့် မွန်ပြည်သစ်ပါတီ ပျောက်ကွယ်အောင် မျိုဖျောက်ပြီး၊ လိမ်လည်သည့်နည်းနှင့် အပစ်အခတ်ရပ်စဲရေး၏ အကျိုးအမြတ်ကိုလည်း စစ်အစိုးရတို့မှ ရာနှုန်းအပြည့်ဖြင့် ရယူသွားလိမ့်မည်'' ဟု ဗိုလ်မှူးကြီးက မွန်ပြည်သစ်ပါတီနှင့် မွန်လူမျိုးအပေါ် ထားရှိသည့် နအဖစစ်အစိုးရတို့၏ သဘောထားကို ပြောပြခဲ့သည်ဟု ဖော်ပြထားပါသည်။

လွတ်လပ်သောမွန်သတင်းအေဂျင်စီ လက်ခံရရှိခဲ့သော ၄င်းထုတ်ပြန်စာတွင် ''စစ်အစိုးရတို့မှ မွန်ပြည်နယ် ရေးမြို့နယ် အရှေ့၊ အနောက်၊ တောင်နှင့် မြောက်ဒေသတို့မှာ သိမ်းဆည်းထားတဲ့ လယ်ယာခြံမြေတွေကို မွန်ပြည်သစ်ပါတီအနေနဲ့ စာနဲ့ ရေးသားပြီ လျော်ကြေးတောင်းဆိုတာ မပြုလုပ်ပါနဲ့တော့။ ပြန်လိုချင်လျှင် တိုက်ယူတော့။ ငွေကြေး သိန်းသန်းနှင့်ချီ ကုန်ကြခံပြီး လမ်းတံတား ဆောက်နေတာဟာ မွန်လူမျိုးနှင့် မွန်ပြည်သစ်ပါတီအတွက် ပေးဘို့ နမ်းတစ်စေ့စာမရှိဘူး၊ အဆုံးပြောရရင် မွန်ပြည်ကို လိုချင်လျှင် တိုက်ယူပါတော့'' ထိုမွန်သွေးပါ နအဖစစ်တပ်မှ ဗိုလ်မှူးကြီးက ပြောခဲ့ပါသည်။

''အခုချိန်လည်း မွန်ပြည်သစ်ပါတီကို ရေရှည်ကိုင်ပြီး၊ မြို့ပေါ်အိမ်နဲ့ မြေယာတွေကို ပေးထားတာဟာ မွန်ပြည် ရယူချင်သည့်စိတ်ဓါတ် မေ့ပျောက်သွားအောင်၊ စစ်ရေးတိုက်ခိုက်မှုလည်း မရှိတော့၍ မွန်လူမျိုး၊ မွန်ပြည်သစ်ပါတီတို့ တမျိုး အေးချမ်းစွာ နေထိုင်သွားနိုင်တာပဲ။ တခြားတိုင်းရင်းသားအခွင့်အရေးအတွက်လည်း ကျနော်တို့မစဉ်းစားဘူး။ မွန်ပြည်အရေးအတွက်ကိုလည်း ကျနော်တို့ လျစ်လျူရှုထားပြီး၊ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးတွေ လုပ်ဆောင်နေတာ၊ မွန်လူမျိုးအတွက် မဟုတ်ဘူး၊ ဘယ်နေ့မှ မွန်တွေကို တိုင်းပြည် (ကိုယ်ပိုင် အုပ်ချုပ်ခွင့်) ပေးဖို့ ဆိုတာ မရှိဘူး၊ မွန်လူမျိုးနှင့် မွန်ပြည်သစ်ပါတီကို ရေရှည်နဲ့ မျိုဖျောက်သွားမည်'' ဟု ဗိုလ်မှူးကြီးမှ ပြောခဲ့ပါသည်။

ဤရင်ဖွင့်ထုတ်ပြန်စာ ရေးသားသည့် မွန်အမျိုးသားသည် အရေးပေါ်ကိစ္စတခုဖြင့် ရန်ကုန်မြို့သို့ ပြီးခဲ့သည့် မတ်ချ်လ ၁၀ ရက် တနင်္လာနေ့တွင် ရောက်ရှိခဲ့ပြီး ထိုဗိုလ်မှူးကြီးအိမ်သို့ ရောက်ရှိကာ ဗိုလ်မှူးကြီး၏ စကားကို ရေးသားကောက်နုတ်ပြီး အခုလိုပြန်လည် ရင်ဖွင့် ထုတ်ပြန်ထားတာဖြစ်သည်။

ယခု ဗိုလ်မှူးကြီးသည် မွန်လူမျိုးဇာတိဖြစ်ပြီး သူသည် ဗိုလ်ချုပ်ကြီးတင်ဦး (မျက်မှန်တင်ဦး) လက်ထက်ကတည်းက စစ်ရေးတာဝန်ကို နှစ် ၃၀ ကျော် ထမ်းဆောင်နေခဲ့သူ ဖြစ်ပါသည်ဟု ၄င်းထုတ်ပြန်စာထဲမှာ ရေးသားထားသည်။